ကြေးမုံ

# တရားဥပဒေစိုးမိုးရေးကို အလေးထား

မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသောဒေသများတွင် ရခိုင်ပြည်နယ်လည်း ပါဝင်သည်။ နိုင်ငံတော်အစိုးရသည် ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်သည် ပထဝီအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့သော်လည်း ယခုအခါ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လက ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များ မပေါ်ပေါက်ခဲ့ပါက ယခုအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်သော အခြေအနေများ ပေါ်ထွန်းနေပြီဖြစ်သည်။ ဒေသတစ်ခုတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး မဖြစ်ထွန်းဘဲ မည်သည့်ဖွံ့ဖြိုးတိုးတက်မှုကိုမျှ ထိရောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ရပ်ရွာဒေသများ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးတို့ကို မဖြစ်မနေတည်ဆောက်ဖော်ဆောင်နေရသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာများ၊ ပဋိပက္ခများသည် နှစ်ပေါင်းရှည်ကြာဖြစ်ပေါ်ခဲ့သော နောက်ခံအကြောင်းတရားများကြောင့် ဖြစ်ခဲ့ရာ ဖြစ်ပေါ်ခဲ့သောပြဿနာဇာစ်မြစ်ကို စုံစမ်းဖော်ထုတ်ပြီး ပြဿနာ၏အဖြေကို ရှာဖွေဖော်ထုတ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများကို ဖော်ထုတ်အကြံပေးနိုင်ရေးအတွက် ကိုဖီအာနန်ကော်မရှင်ကိုဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည်။ စိတ်ရှည်မှု၊ သည်းခံမှု၊ လူသားချင်းစာနာထောက်ထားမှုတို့ဖြင့် အကျပ်အတည်းအမျိုးမျိုးတို့ကို တစ်နှစ်ခွဲကာလအတွင်း ဖြေရှင်းဆောင်ရွက်လျက်ရှိရာ တိုးတက်ဖြစ်ထွန်းမှုများရရှိနေပြီ ဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်ကာလ၌ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မတူညီသည့်လုံခြုံရေးဆိုင်ရာပြဿနာများ ထပ်မံဖြစ်ပွားလာသဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးခဲ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု၏ပြဿနာများ၊ အခက်အခဲများနှင့် ပြည်ထောင်စု၏ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးကို တန်းတူညီမျှ ဆောင်ရွက်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ်၏အရေးသည် ပြည်ထောင်စု၏အရေးဖြစ်သကဲ့သို့ ပြည်ထောင်စုအခြားဒေသများအရေးသည်လည်း ရခိုင်ပြည်နယ်၏အရေးကဲ့သို့ ဆောင်ရွက်ပေးနေသည်။

ပြည်ထောင်စု၏ မည်သည့်နေရာအစိတ်အပိုင်း၏အခက်အခဲကိုမဆို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေသဖြင့် အခက်အခဲများ ကျော်လွှားလွန်မြောက်လိမ့်မည်ဟုယုံကြည်ပါသည်။ အမှန်တကယ်တွင် ရခိုင်ပြည်နယ်အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များသည် အလွန်သိမ်မွေ့နက်နဲပြီး ခက်ခဲသောလုပ်ငန်းစဉ်များဖြစ်ပါသည်။ သို့သော်လည်း အစိုးရအနေဖြင့် မဖြစ်မနေဆောင်ရွက်မည်ဟူသည့် ဇွဲ၊ လုံ့လဖြင့် ဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းသာမက အခြားဒေသများတွင် ကြုံတွေ့နေရသော ပြဿနာအများစုသည် ကာလရှည် ဖွံ့ဖြိုးတိုးတက်ရေး နိမ့်ကျခဲ့ရမှုနှင့် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုအားနည်းခဲ့ရခြင်းတို့ကြောင့် ဖြစ်ပေါ်ခဲ့သည်မှာ အရင်းခံအကြောင်းတရားတစ်ခုဖြစ်သည်။ ထို့ကြောင့် ပြဿနာဖြေရှင်းရေး၌ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုတည်ဆောက်ပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို တည်ဆောက်ရမည်ဖြစ်သည်။ သို့မှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာတည်ဆောက်နိုင်ပြီး ဒေသခံပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ဆောင်ရွက်ရာတွင် လူမှုသဟဇာတဖြစ်ရေးသည် အရေးပါသောအချက်ဖြစ်ပြီး ယင်းကိုဆောင်ရွက်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို မထိခိုက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိကြုံတွေ့နေသော အခက်အခဲများကို ဖြေရှင်းနိုင်ရေး၊ နေရပ်စွန့်ခွာသွားသူများအား နေရာပြန်လည်ချထားပေးရေးနှင့် အနာဂတ်တွင် အလားတူပြဿနာများ မဖြစ်ပွားရေးအတွက် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း သတိချပ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးသာမက ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရာတွင် အဓိကကျသည့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးတို့ကို ပြည်ထောင်စုအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# ပြန်ကြားရေးဝန်ကြီးဌာန၊ Asia Foundation နှင့် MBAPF တို့ ပူးပေါင်းစီစဉ်သည့် Mobile Information Literacy သင်တန်းဖွင့်လှစ်




**ရန်ကုန် မေ ၇**

ပြန်ကြားရေးဝန်ကြီးဌာန Asia Foundation နှင့် Myanmar Book Aid and Preservation Foundation (MBAPF)တို့ ပူးပေါင်းစီစဉ်သည့် Mobile Information Literacy သင်တန်းကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

**သင်ကြားပို့ချသွားမည်**

Mobile Information Literacy သင်တန်းကို ယနေ့မှ မေ ၉ ရက်အထိ ဖွင့်လှစ်၍ Asia Foundation နှင့် Myanmar Book Aid and Preservation Foundation (MBAPF)မှ သင်တန်းနည်းပြသုံးဦးမှ ICT မိတ်ဆက်နှင့် Cloud နည်းပညာအသုံးပြုခြင်း၊ Email ကျွမ်းကျင်စွာ အသုံးပြုခြင်း၊ Online မှတစ်ဆင့် မြေပုံများ ရှာဖွေခြင်း၊ အင်တာနက် လုံခြုံမှုနှင့် သတင်းအချက်အလက် ဝေဖန်ဆန်းစစ်ခြင်း၊ Cloud နည်းပညာအသုံးပြု၍ အချက်အလက်များ သိမ်းဆည်းခြင်းနှင့် မျှဝေခြင်း၊ အဆင့်မြင့် Web Search Engine အသုံးပြု၍ အချက်အလက် ရှာဖွေခြင်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းကို Online မှ ရရှိသည့် သတင်းအချက်အလက် အရည်အသွေးနှင့် ယုံကြည်စိတ်ချမှုရှိစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ သတင်းအရည်အသွေး တန်ဖိုးဖြတ်ခြင်းနှင့် သတင်းအချက်အလက် ရှာဖွေခြင်း၊ ရရှိသောအချက်အလက်များအပေါ် အခြေခံ၍ သတင်းရေးသားခြင်းနှင့် Online သို့ သတင်းအချက်အလက်များ မျှဝေရာတွင် လုံခြုံစိတ်ချမှုရှိပြီး ထိရောက်မှုဖြစ်စေရန်နှင့် တန်ဖိုးရှိသော ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ဖြန့်ဝေမှုကို Digital Media နှင့် Traditional Media (သမားရိုးကျ မီဒီယာ) စသည့် မီဒီယာနှစ်ခုစလုံးမှတစ်ဆင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်း ၃၀ တက်ရောက် သင်ကြားလျက်ရှိသည်။

**သတင်းစဉ်**

# ဟားခါးမြို့၌ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှုဆောင်ရွက်



**ဟားခါး မေ ၇**

ပဉ္စမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ပြည်နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီပူးပေါင်းအဖွဲ့ဝင်များက ချင်းပြည်နယ် ဟားခါးမြို့၌ ယနေ့ နံနက်ပိုင်းက ချင်းပြည်နယ် ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါရက်သတ္တပတ်လှုပ်ရှားမှုတွင် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးလှထွန်းက "မော်တော်ဆိုင်ကယ်၊ မော်တော်ကားတွေကို Slogan Sticker အခမဲ့တပ်ဆင်ပေးတာတွေ၊ ယာဉ်မောင်းသူ၊ ယာဉ်စီးနင်းသူတွေကို အသိပညာပေးလက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးတာတွေနဲ့ ပညာပေးဟောပြောတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ပဉ္စမအကြိမ်မြောက် ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မေ ၆ ရက်မှ မေ ၁၂ ရက်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၇**

ရန်ကုန်(ရွှေဈေး) ၁၀၄၃၀၀၀ - ၁၀၄၃၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၃၀၀၀ - ၁၀၄၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၁၀ ကျပ်၊ | ၁၀၁၀/၁၀၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ်၊ | ၁၀၁၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၀ ကျပ်၊ | ၉၃၅/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၂၀ ကျပ်၊ | ၁၀၂၅/၁၀၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၁၀/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၀/၉၃၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၆၀/၈၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၆.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၄၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၇၇၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၃၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၈.၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၄၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၉.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၈.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# အင်းစိန်ဗဟိုအကျဉ်းထောင်မှ ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာန သတင်းထောက်နှစ်ဦးနှင့် သရုပ်ဆောင် မိုးအောင်ရင်အပါအဝင် အကျဉ်းသား အကျဉ်းသူများ ပြန်လည်လွတ်မြောက်

**ရန်ကုန် မေ ၇**

အကျဉ်းထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူ ၆၅၂၀ အား နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၁၆/၂၀၁၉ ဖြင့် ယနေ့နံနက်ပိုင်းမှစ၍ လွတ်ငြိမ်းသက်သာခွင့်ပြုရာ ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်မြောက်လာသူများအနက် ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးနှင့် သရုပ်ဆောင် မိုးအောင်ရင်တို့ ပါဝင်ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးဖြစ်သူ သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က မင်္ဂလာဒုံမြို့နယ်၌ စတင်ဖမ်းဆီးခဲ့ပြီး မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) ဖြင့် တရားစွဲဆိုတင်ပို့ခဲ့ကာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ထောင်ဒဏ် ခုနစ်နှစ်စီ ပြစ်ဒဏ်ကျခံစေရန် အပြီးသတ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အလားတူ သရုပ်ဆောင် မိုးအောင်ရင်မှာ ၂၀၁၆ ခုနှစ်တွင် မူးယစ်ဆေးဝါး အမှုဖြင့် ဖမ်းဆီးခံခဲ့ရပြီး ၂၀၁၈ ခုနှစ်အတွင်း၌ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက ထောင်ဒဏ် ၁၂ နှစ်အားလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် တရားရုံးက ထောင်ဒဏ် ၅ နှစ်အား လည်းကောင်း စုစုပေါင်း ထောင်ဒဏ် ၁၇ နှစ် ပြစ်ဒဏ်ကျခံစေရန် အပြီးသတ်အမိန့်ချမှတ်ခဲ့ရာ ယနေ့တွင် ပြန်လည် လွတ်မြောက်လာခြင်းဖြစ်သည်။

ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား အကျဉ်းသူများကို လွတ်ငြိမ်း သက်သာခွင့်ပြုမည်ဆိုသည့် သတင်းကြောင့် ယနေ့နံနက် ၆ နာရီခန့်မှ စတင်ကာ အင်းစိန်အကျဉ်းထောင်ရှေ့တွင် လာရောက်ကြိုဆိုနေကြသူများ၊ စောင့်မျှော်နေသည့် မိသားစုဝင်များစွာရှိပြီး လွတ်မြောက်ရန် ကျန်ရှိနေသူများကို မွန်းလွဲပိုင်းတွင် ဆက်လက်လွှတ်ပေးလျက်ရှိသည်။



သရုပ်ဆောင် မိုးအောင်ရင်



သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးအား တွေ့ရစဉ်။

လာရောက်စောင့်မျှော်နေသူ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်မှ ဒေါ်တင်တင်ထွေးက "ရာဇဝတ်မှုကြီးတွေကလွဲရင် ကျန်တဲ့သူတွေကို လွတ်မြောက်စေချင်ပါတယ်။ မိုးအောင်ရင်နဲ့ သတင်းသမားတွေ လွတ်မြောက်လာတဲ့အတွက် ဝမ်းသာပါတယ်။ အဲဒီလိုပဲ မူးယစ်ဆေးဝါးမှုနဲ့ ပြစ်ဒဏ်ကျခံနေရတဲ့သူတွေကိုလည်း အမြန်ဆုံးလွတ်မြောက်စေချင်ပါတယ်"ဟု ပြောသည်။

ယခုနှစ်သစ်တွင် ပထမအကြိမ် ဧပြီ ၁၇ ရက်က အကျဉ်းသားဦးရေ ၉၅၃၅ ဦး၊ ဒုတိယအကြိမ် ဧပြီ ၂၆ ရက်က အကျဉ်းသားဦးရေ ၆၉၄၈ ဦးနှင့် ယခု တတိယအကြိမ်အဖြစ် အကျဉ်းသားဦးရေ ၆၅၂၀ ကို လွတ်ငြိမ်းသက်သာခွင့်များပေးခဲ့ရာ စုစုပေါင်း ၂၃၀၀၃ ဦး ရှိပြီဖြစ်သည်။

**သတင်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)**



## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၄၄ ဦးအား ပြန်လည်လွှတ်ပေး

**မန္တလေး မေ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၁၆/၂၀၁၉)အရ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူ ၇၄၄ ဦးအား မေ ၇ ရက်တွင် စည်းကမ်းသတ်မှတ်ချက် မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလွတ်ငြိမ်းသက်သာခွင့်ရရှိသူ ၇၄၄ ဦးအနက် အကျဉ်းသားဦးရေ ၆၉၈ ဦးနှင့် အကျဉ်းသူ ၄၆ ဦးတို့ဖြစ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူ အများစုမှာ မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေသူများဖြစ်ကြောင်း မန္တလေး ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းက ပြောသည်။

အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးဗဟိုအကျဉ်းထောင်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း၊ ညောင်ဦးနှင့် နေပြည်တော် အကျဉ်းထောင်အသီးသီးတို့မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၁၀၆ ဦး ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ ဓာတ်ပုံ - အောင်ဖြိုးကျော်**

## မိုးညှင်းအကျဉ်းထောင်မှ ABSDF အကျဉ်းသားနှစ်ဦး လွတ်ငြိမ်းသက်သာခွင့်ရ

**မိုးညှင်း မေ ၇**

နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် မေ ၇ ရက် မွန်းလွဲပိုင်းက ကချင်ပြည်နယ် မိုးညှင်းအကျဉ်းထောင်မှ ABSDF အကျဉ်းသားနှစ်ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြောင်း သိရသည်။

မိုးညှင်းအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)မြောက်ပိုင်းအဖွဲ့မှ ဦးအောင်ဆွေဦးနှင့် မောင်ဦးတို့နှစ်ဦးသည် ယနေ့မွန်းလွဲပိုင်းက မိုးညှင်းအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာခဲ့၍ ဌာနဆိုင်ရာ တာဝန်ရှိသူများကတွေ့ဆုံကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက တွေ့ဆုံမှာကြားပြီး မိုးညှင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြောင်းမြအကျဉ်းထောင်မှ ၃၃ ဦး လွတ်မြောက်

**မြောင်းမြ မေ ၇**

မြန်မာနှစ်ကူးကာလတွင် နိုင်ငံတော်သမ္မတရုံးက ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်များ ထုတ်ပြန်ခဲ့ရာ ယခု တတိယအကြိမ် အမိန့်အမှတ် ၁၆/၂၀၁၉ ဖြင့် မြောင်းမြအကျဉ်းထောင်မှ ၃၃ ဦး လွတ်ငြိမ်းသက်သာခွင့် ရရှိကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကျော်စိုးထွန်းနှင့် တာဝန်ရှိသူများက တွေ့ဆုံမှာကြားပြီး မြောင်းမြအကျဉ်းထောင် ထောင်မှူးကြီးက ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် နယ်မြေဒေသအသီးသီးသို့ ပြန်ကြမည့်သူများအတွက် ခရီးစရိတ်နှင့် မီးရထားစီးနင်းခွင့်လက်မှတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၁ ဦး လွတ်မြောက်

**စစ်တွေ မေ ၇**

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၁၆/၂၀၁၉၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ယနေ့တွင် စစ်တွေ အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၁ ဦး ယနေ့မွန်းလွဲပိုင်းတွင် လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ထိုသို့လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၅၃ ဦး၊ အကျဉ်းသူ ရှစ်ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး၊ အကျဉ်းသူ လေးဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၂၃ ဦး စုစုပေါင်း ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင် အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၉၈ ဦးလွတ်မြောက်ကြောင်း သိရသည်။

အဆိုပါလွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာကြိုဆိုကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





## မွန်ပြည်နယ်အကျဉ်းထောင်နှင့် အကျဉ်းစခန်းများမှ အကျဉ်းသား အကျဉ်းသူ ၈၄၆ ဦး လွတ်မြောက်

**သထုံ မေ ၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် အကျဉ်းထောင်/စခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၆၅၂၀ အား မေ ၇ ရက်က လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ရာ မော်လမြိုင်အကျဉ်းထောင်မှ အကျဉ်းသား ၂၉၂ ဦး၊ အကျဉ်းသူ ခြောက်ဦး၊ မုပ္ပလင်အလုပ်စခန်းမှ အကျဉ်းသား ၇၄ ဦး၊ အကျဉ်းသူ ၅၀၊ တောင်စွန်း အလုပ်စခန်းမှ ၄၀၊ ဇင်းကျိုက်အလုပ်စခန်းမှ ၈၀၊ ရင်းငြိမ် အလုပ်စခန်းမှ ၁၁၅ ဦး၊ အင်းဖြောင်အလုပ်စခန်းမှ ၁၁၂ ဦး၊ သထုံ အကျဉ်းထောင်မှ ၁၁ ဦး၊ အင်္ဂဘို(ရော်ဘာ)အလုပ်စခန်းမှ ၆၆ ဦး၊ မွန်ပြည်နယ် အကျဉ်းထောင်နှင့် အကျဉ်းစခန်းအသီးသီးမှ နိုင်ငံသားအကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၈၄၆ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း မွန်ပြည်နယ် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

"သတ်မှတ်ချက်ဘောင်အတွင်းက လွတ်ငြိမ်းခံစားခွင့်ရှိသူ အသီးသီးကို လွှတ်ပေးခဲ့တာပါ။ တစ်ရက်တာ နေ့တွက်စရိတ်နဲ့ အထောက်အပံ့တွေပေးခဲ့ပြီး တာဝန်ရှိသူတွေက ဆုံးမစကားအသီးသီး ပြောဆိုခဲ့ကြပါတယ်"ဟု မော်လမြိုင် အကျဉ်းထောင်၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ချိုက ပြောသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**


ထိုင်းရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးချုပ် ချာရွန်ဝတ်ပူမာ

# ထိုင်းရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာ

**ဗန်ကောက် မေ ၇**
ထိုင်းရွေးကောက်ပွဲကော်မရှင်က လွန်ခဲ့သော တစ်လအကြာက ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲရလဒ်များကို တရားဝင်ထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရလဒ်များထုတ်ပြန်ကြေညာပြီးနောက် ထောက်ခံမဲအများဆုံးရရှိကြသည့် နိုင်ငံရေးပါတီများက ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းရန် ဆွေးနွေးမှုများစတင်မည်ဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်က အောက်လွှတ်တော်အမတ်နေရာ ၃၅၀ အတွက် အတည်ပြုကြေညာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာအား ထောက်ခံသည့် ပွေ့ထိုင်းပါတီက အမတ်နေရာ ၁၃၆ နေရာ ရရှိခဲ့ပြီး ထိုင်းတပ်မတော်ထောက်ခံ ပန်လန်းပရာချရ့ပါတီက အမတ်နေရာ ၉၇ နေရာရရှိခဲ့ကြောင်း သိရသည်။

ကျန်ရှိသော အမတ်နေရာ ၁၅၀ ကို အခြားသော နိုင်ငံရေးပါတီများက အသီးသီးရရှိခဲ့ကြသည်။ ထောက်ခံမဲအနိုင်ရရှိသော ပါတီများ၏ အမတ်လောင်းများကို မေ ၉ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ပွေ့ထိုင်းပါတီက အခြားပါတီ ခြောက်ခုနှင့် ညွန့်ပေါင်းတစ်ရပ်ဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း ပါတီ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

အလားတူ စစ်တပ်ထောက်ခံ ပန်လန်းပရာချရ့ပါတီ အနေဖြင့် ညွန့်ပေါင်းတစ်ရပ်ဖွဲ့စည်းပါက ဝန်ကြီးချုပ်အသစ်ရွေးချယ်တင်မြှောက်ရန် လုံလောက်သော အမတ်နေရာကို ရရှိမည်ဖြစ်သည်။ အကြောင်းမှာ ဝန်ကြီးချုပ်အသစ်ကို အောက်လွှတ်တော်နှင့် ထိုင်းတပ်မတော်က ခန့်အပ်ထားသော အမတ် ၂၅၀ ပါရှိသည့် အထက်လွှတ်တော်တို့က ရွေးချယ်ရမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

မတ်လအတွင်း ကျင်းပခဲ့သည့် ပါတီစုံရွေးကောက်ပွဲသည် ၂၀၁၄ ခုနှစ် ထိုင်းတပ်မတော်က အာဏာသိမ်းပိုက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်ကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည့်အပြင် ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန် ဆုံးဖြတ်ပေးမည့် အရေးကြီးသော ခြေလှမ်းတစ်ခုလည်း ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်-အမေရိကန်တို့၏ ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများက ကမ္ဘာ့စီးပွားရေးကို ခြိမ်းခြောက်ဟု အိုင်အမ်အက်ဖ် အကြီးအကဲပြောကြား

**ပါရီ မေ ၇**
တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံအကြားဖြစ်ပွားသည့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုအသစ်များသည် ကမ္ဘာ့စီးပွားရေးအပေါ် အဓိကခြိမ်းခြောက်မှုဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) အကြီးအကဲက ပြောကြားသည်ဟု အေအက်ဖ်ပီ သတင်းတွင်ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအကြား ဖြစ်ပေါ်သည့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများသည် ကမ္ဘာ့စီးပွားရေးအပေါ် ခြိမ်းခြောက်မှုများဖြစ်စေကြောင်း အိုင်အမ်အက်ဖ်အကြီးအကဲ ခရစ္စတင်း လာဂရက်ဒ်က ပါရီမြို့တွင်ကျင်းပနေသည့် ယင်းအဖွဲ့၏ ညီလာခံတွင် သတင်းထောက်များအား ပြောကြားခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင်ဖြစ်ပေါ်နေသည့် ကောလာဟလများနှင့် တွစ်တာစာမျက်နှာ၌ ဖော်ပြမှုများက တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံအကြား သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် အခွင့်အလမ်းနည်းပါးစေရန် လုပ်ဆောင်နေဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ကမ္ဘာလုံးဆိုင်ရာ စျေးကွက်ကို လှုပ်ရှားစေသည့် ခြိမ်းခြောက်မှုတစ်ရပ်ကို မေ ၆ ရက်က ၎င်း၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့ရာတွင် တရုတ်နိုင်ငံမှတင်သွင်းသည့် ပို့ကုန်ပစ္စည်းများ၏တန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အပေါ်၌ အခွန်ကောက်ခံမှုနှုန်းကို နှစ်ဆကျော်တိုးမြှင့်ပြီး ၂၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမှုကို မေ ၁၀ ရက်တွင် စတင်လုပ်ဆောင်မည်ဟု ဖော်ပြခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် လတ်တလောတွင် တရုတ်ပို့ကုန်များအပေါ် အခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံသည်။

ကုန်သွယ်ရေးဆိုင်ရာ ထိပ်တန်းညှိနှိုင်းဆွေးနွေးရေးမှူးသည် ယခုရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံသို့သွားရောက်ကာ ၎င်းနှင့်အဆင့်တူ အမေရိကန်အစိုးရတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်မည်ဟု တရုတ်နိုင်ငံက မေ ၇ ရက်တွင် ပြောကြားသည်။ **အေအက်ဖ်ပီ**

# သီရိလင်္ကာတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဗုံးဖောက်ခွဲ တိုက်ခိုက်မှုနှင့် တိုက်ရိုက်ပတ်သက်သည့် အကြမ်းဖက်သမားအားလုံး ဖမ်းဆီးမိ(သို့မဟုတ်)သေဆုံးသွားပြီဟုဆို

**ကိုလံဘို မေ ၇**
သီရိလင်္ကာနိုင်ငံတွင် ဧပြီ ၂၁ ရက်က (အီစတာနေ့) အကြမ်းဖက်ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများတွင် တိုက်ရိုက်ပတ်သက်ခဲ့သူ အကြမ်းဖက်သမားအားလုံးကို လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးရမိထားပြီဖြစ်ကြောင်း သီရိလင်္ကာ ယာယီရဲချုပ် ချန်ဒရာ ဝစ်ကရာမာရန်တေးက မေ ၇ ရက်တွင် ထုတ်ပြန်သည့် အထူးကြေညာချက်၌ ဖော်ပြသည်။

သီရိလင်္ကာရဲတပ်ဖွဲ့ အကြမ်းဖက်တိုက်ခိုက်မှု၌ ပါဝင်ခဲ့သူအားလုံးကို ဖော်ထုတ်ခဲ့ပြီး ယင်းတို့အထဲမှ အများစုမှာ ရဲအဖွဲ့က ဖမ်းဆီးရန်ကြိုးပမ်းစဉ်တွင် သတ်သေခဲ့ကြောင်း သီရိလင်္ကာရဲချုပ်က ပြောကြားသည်။



အကြမ်းဖက်တိုက်ခိုက်မှုများ၌ ဗုံးကျွမ်းကျင်သူနှစ်ဦး ပါဝင်ခဲ့ပြီး ၎င်းတို့လည်း သေဆုံးခဲ့ကာ နောက်ထပ်တိုက်ခိုက်မှုများ ပြုလုပ်ရာတွင် အသုံးပြုရန်အတွက် ၎င်းတို့ သိုလှောင်ထားသည့် ဖောက်ခွဲရေးပစ္စည်းများနှင့် ဗုံးများကို လုံခြုံရေးတပ်ဖွဲ့များက သိမ်းဆည်းရမိခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူများအနေဖြင့် မိမိတို့၏ နေ့စဉ်ဘဝ လှုပ်ရှားမှုများကို ကြောက်ရွံ့မှုကင်းမဲ့စွာဖြင့် ပြန်လည်ပြုလုပ်ကြရန် မိမိတို့တိုက်တွန်းကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ၌ ပါဝင်သူအားလုံး ဖမ်းဆီးရမိ(သို့မဟုတ်) သေဆုံးသွားသော်လည်း နိုင်ငံတစ်ဝန်း၌ ရှာဖွေရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်ဦးမည်ဖြစ်ကြောင်း၊ နိုင်ငံသားများအားလုံးအတွက် လုံခြုံရေးဆိုင်ရာ အထောက်အကူပေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ **ဆင်ဟွာ**

# မက္ကဆီကိုမြောက်ပိုင်းတွင် ဂျက်လေယာဉ်ငယ် တစ်စင်းပျက်ကျ၊ လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၃ ဦး စလုံး သေဆုံးဖွယ်ရှိ

**မက္ကဆီကို မေ ၇**
မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းတွင် မေ ၅ ရက်က ပုဂ္ဂလိကပိုင် ဂျက်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် လူ ၁၃ ဦးစလုံး သေဆုံးသွားဖွယ်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင်ဖော်ပြသည်။

ယင်းဂျက်လေယာဉ်ငယ်မှာ အမေရိကန်နိုင်ငံ လာ့စ်ဗီးဂတ်စ်မြို့မှ မက္ကဆီကိုနိုင်ငံမြောက်ပိုင်းရှိ မွန်တာရေးမြို့သို့ ပျံသန်းလာခြင်းဖြစ်သည်။ အဆိုပါလေယာဉ်သည် မေ ၅ ရက်၌ မက္ကဆီကို နိုင်ငံပေါ်၌ ပျံသန်းစဉ် လေကြောင်းထိန်းသိမ်းရေးမျှော်စင်မှ လေကြောင်းထိန်းသူများနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။

ယင်းလေယာဉ်၏ အပျက်အစီးအပိုင်းအစများကို ပြည်နယ်မြောက်ပိုင်း တောင်ကုန်းတောင်တန်း ထူထပ်သည့်ဒေသတွင် မေ ၆ ရက်က တွေ့ရှိရကြောင်း အမေရိကန်ပြည်ထောင်စုနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မက္ကဆီကိုနိုင်ငံ ကွာဟူယီယာပြည်နယ်အစိုးရက ပြောကြားသည်။

ပျက်ကျသွားသည့် ဂျက်လေယာဉ်ငယ်တွင် ခရီးသည် ၁၀ ဦးနှင့် လေယာဉ်အဖွဲ့သား သုံးဦးတို့ လိုက်ပါလာကြပြီး ခရီးသည်များသည် လာ့စ်ဗီးဂက်စ်မြို့တွင် ကျင်းပသည့် လက်ဝှေ့ပြိုင်ပွဲကို သွားရောက်ကြည့်ရှုပြီး မက္ကဆီကိုနိုင်ငံသို့ ပြန်လာကြသူများဖြစ်ကြောင်း မက္ကဆီကိုသတင်းဌာနများက ဖော်ပြသည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကိုမူ မသိရှိရသေးဘဲ မက္ကဆီကို မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် အခင်းဖြစ်နေရာသို့ ကျွမ်းကျင်သူများကို စေလွှတ်ထားကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်န်အိတ်ချ်ကေ**



# အီစတာနေ့ တိုက်ခိုက်မှုနောက်ပိုင်း ခရီးသွားလုပ်ငန်း ပြန်လည်အသက်သွင်းမည့် သီရိလင်္ကာ



**ကိုလံဘို မေ ၇**

သီရိလင်္ကာနိုင်ငံ ခရစ်ယာန်ဘုရားရှိခိုးကျောင်းသုံးကျောင်းနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ မကြာခဏ တည်းခိုလေ့ရှိရာ ဇိမ်ခံဟိုတယ်သုံးခုတို့တွင် ဧပြီ ၂၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံခြားသား ၄၂ ဦးအပါအဝင် ၅၅၃ ဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာအစိုးရက ဧပြီ ၃၀ ရက်တွင် အတည်ပြုကြေညာခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် သေဆုံးသွားသည့် နိုင်ငံခြားသားများမှာ အိန္ဒိယ၊ ဗြိတိန်၊ တရုတ်၊ ဒိန်းမတ်၊ ဆော်ဒီအာရေဗျ၊ စပိန်၊ တူရကီ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ နယ်သာလန်၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ အမေရိကန်ပြည်ထောင်စု အစရှိသည့် နိုင်ငံများမှ ဖြစ်ကြသည်။

နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံအတော်များများက ၎င်းတို့၏နိုင်ငံသားများအား သီရိလင်္ကာနိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းများမှ ရှောင်ကြဉ်ကြရန် တားမြစ်ပိတ်ပင်ထားသဖြင့် သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်ဦးရေမှာ အလိုလိုပင် ကျဆင်းလာခဲ့သည်။ တစ်ဆက်တည်းမှာပင် ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသွားဧည့်သည် ဦးရေမှာ ၃၀ ရာခိုင်နှုန်းကျဆင်းဖွယ်ရှိပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ ဆုံးရှုံးမှုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည်။

သို့ဖြစ်ရာ သီရိလင်္ကာ ခရီးသွားလုပ်ငန်းအာဏာပိုင်များက ခရီးသွားဧည့်သည်များ ပြန်လည်စိတ်ဝင်စားသည့်နိုင်ငံဖြစ်ရေးအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများကို နှစ်လမှ ၁၃ လအတွင်း အောင်မြင်စွာ လုပ်ဆောင်သွားရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုဒဏ်ခံစားခဲ့ရသည့် နိုင်ငံများ၏ ခရီးသွားလုပ်ငန်း တစ်နှစ်တာအတွင်းပြန်လည်မြှင့်တင်ပုံကို အတုယူရန် လေ့လာထားပြီးဖြစ်ရာ သီရိလင်္ကာအစိုးရသည် အဆိုပါ နိုင်ငံတို့ အသုံးပြုသော နည်းဗျူဟာနှင့် ၎င်းပိုင်နည်းဗျူဟာကိုအသုံးပြုပြီး လုံခြုံစိတ်ချရသည့် ခရီးတစ်ထောက်ရပ်နားရာနေရာတစ်ခုအဖြစ်သို့ ပြန်လည်ရောက်ရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ယခုအခါ သီရိလင်္ကာနိုင်ငံရှိ ဟိုတယ်များတွင် ခရီးသွားဧည့်သည် ၁၀ ရာခိုင်နှုန်းအောက်သာ တည်းခိုနေထိုင်ကြသည်ကို သိရသည်။ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် သီရိလင်္ကာ အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံအတွင်းသို့ တစ်နေ့လျှင် ခရီးသွားဧည့်သည် ၁၇၀၀ ခန့်သာ ဝင်ရောက်လည်ပတ်လျက်ရှိရာ တာဝန်ရှိသူများသည် ယင်းခရီးသွားဧည့်သည်များ တည်းခိုနေထိုင်ရာနေရာများနှင့် ဟိုတယ်များတွင် ရေရှည်ခံနိုင်မည့် လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျွန်းနိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံရှိ ပြည်သူနှစ်သန်းကျော်သည် တိုက်ရိုက်လုပ်ငန်းအားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်လုပ်ငန်းအားဖြင့်သော်လည်းကောင်း ခရီးသွားလုပ်ငန်းအပေါ် အားထားလျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**

Sri Lanka to launch massive global campaign to attract tourists following Easter attacks

**ဘာသာပြန်-ဂျေတီ**

# မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်



**ရန်ကုန် မေ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း၌ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေး သင်တန်း (၁/၂၀၁၉)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

"ရည်ရွယ်ချက်ကတော့ မူးယစ်ဆေးစွဲသူတွေကို မူးယစ်ဆေးဝါး ပြန်လည်မသုံးစွဲမိစေရေး၊ ၎င်းတို့ရဲ့မိသားစုဘဝ ပြန်လည်ကောင်းမွန်လာစေရေးနဲ့ လူသားအရင်းအမြစ် မဆုံးရှုံးစေရေး ဒါတွေအဓိကထားပါတယ်" ဟု ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ထွန်းက ပြောသည်။

" အခုသင်တန်းမှာ သက်မွေးပညာကတော့ လောလောဆယ် ဆေးဆိုးပန်းရိုက်နဲ့ဆပ်ပြာလုပ်ငန်းပါမယ်။ နောက်တစ်ခါဆိုရင် ဆိုင်ကယ်ပြင်သင်တန်းတွေ ပါလာမှာပါ၊ နေရေး၊ စားရေးကအစ ဒီမှာပဲ စီစဉ်ပေးထားပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ယနေ့အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဒေါ်သန်းမြင့်အောင်တို့က အမှာစကားပြောကြားပြီး ၃၅ ရက်တာ ဖွင့်လှစ်မည့် အဆိုပါသင်တန်းသို့ ရွှာသာကြီး စိတ်ကျန်းမာရေးဆေးရုံ အပါအဝင် အစိုးရအသိအမှတ်ပြုဆေးရုံများမှ မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသားများတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"အခုလို သင်တန်းတွေဖွင့်တယ်ဆိုတော့ ဆေးပြတ်စမှာ ဒီလိုစခန်းမျိုးကို ပို့လိုက်မယ်ဆိုရင် မူးယစ်ဆေးနဲ့ ကင်းကွာသွားမယ်ဆိုတော့ သူတို့ဘဝအတွက် ရှေ့လျှောက် ဘယ်လိုထူထောင်ရမယ်ဆိုတဲ့ သင်တန်းတွေ ပေးလိုက်တဲ့အတွက် ဆေးပြတ်ပြီး ဘဝတစ်လျှောက် ကောင်းမွန်သွားဖို့ အလားအလာပိုများပါတယ်"ဟု မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဂျော်ထက်ဒိုးက ပြောသည်။

ထို့ပြင် မန္တလေး၊ ပြည် အပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြန်လည်ထူထောင်ရေးစခန်းအသစ် ၁၈ ခုကို ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ထပ်မံဖွင့်လှစ်ရန် စီစဉ်ထားပြီဖြစ်ကြောင်း သိရသည်။ ယနေ့ စတင်ဖွင့်လှစ်သည့် သင်တန်းတွင် သင်တန်းသားများအား သက်မွေးပညာရပ်များကို သင်ကြားပေးခြင်း၊ ကျန်းမာရေးဆိုင်ရာနှင့် ပတ်သက်၍ ပြုစုစောင့်ရှောက်ပေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် သင်တန်းကာလအတွင်း နေရေး၊ စားရေး၊ သင်တန်းကြေးများကို အခမဲ့စီစဉ်ပေးထားကြောင်း သိရသည်။

**သီသီမင်း**

# အာဆီယံ ယူ-၁၅ အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်း ထွက်ခွာ



**ရန်ကုန် မေ ၇**

မြန်မာ ယူ-၁၅ အမျိုးသမီးဘောလုံးအသင်းသည် ၂၀၁၉ အာရှ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ချောင်ဘူရီမြို့သို့ ထွက်ခွာသွားသည်။ ပြိုင်ပွဲဝင် မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဦးအေးမင်း၊ **နည်းပြချုပ်**- ဒေါ်မေသူထွန်း၊ **နည်းစနစ်အကြံပေး**-ဒေါ်စန်းစန်းသိန်း၊ **လက်ထောက်နည်းပြ**-ဒေါ်မာလာဝင်း၊ ဒေါ်မိုးမိုးဝါ၊ **ဂိုးနည်းပြ**-ဒေါ်မေခင်ယမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား**-လူစီယာ၊ ရင်ရင်မိုးနိုင်၊ မေဦးခင်၊ **နောက်တန်း**-ဖြူဖွေး၊ မေရီဦး၊ ပိုင်ဖြိုးဆု၊ မိုးပြည့်ပြည့်မောင်၊ ခင်ဖုန်း၊ ဖြိုးဖြိုးဝေ၊ ဂျူးထက်ဝေ၊ ခင်ဒွေးကြိုင်၊ **အလယ်တန်း**-ထူးသီဂီနိုင်၊ အေးထက်ထက်ပိုင်၊ စန္ဒာလင်း၊ နန်းချိုမွှေး၊ ဒေစီအောင်၊ သန်းသန်းစိုး၊ ဖျားမြမိုးမိုးအေး၊ ကြယ်စင်၊ **ရှေ့တန်း**-ဇင်မိုးပြည့်၊ ယုယနိုင်၊ ဆုမြတ်နိုးနှင့် ဝေနှင်းဖြိုးတို့ လိုက်ပါသွားသည်။ ပြိုင်ပွဲကို မေ ၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းကိုးသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် မေ ၁၀ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-MFF**

# ကွတ်ခိုင်မြို့၌ ဖုန်းအားသွင်းရာမှ ဆိုင်ခန်းသုံးခန်း မီးလောင်၊ နှစ်ဦးသေဆုံး

**ကွတ်ခိုင် မေ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ အမှတ်(၅) ရပ်ကွက် မြို့မဈေးအနီးရှိ စေတနာဖုန်းအရောင်းဆိုင်၊ တောင်ပေါ်သူဖုန်းနှင့် ဖုန်းအပိုပစ္စည်းရောင်းဝယ်ရေးဆိုင်နှင့် မြတ်သူဇာကုန်စုံဆိုင်တို့ မေ ၇ ရက် နံနက် ၄ နာရီ ၃၆ မိနစ်တွင် ဖုန်းအားသွင်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး နှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

**မီးကူးစက်လောင်ကျွမ်း**

အဆိုပါမီးလောင်မှုကြောင့် စေတနာဖုန်းအရောင်းဆိုင်နှင့် ကပ်လျက်ရှိသည့် တောင်ပေါ်သူဖုန်းနှင့် ဖုန်းအပိုပစ္စည်းရောင်းဝယ်ရေးဆိုင်နှင့် မြတ်သူဇာကုန်စုံဆိုင် စုစုပေါင်း ဆိုင်ခန်းသုံးခန်း၊ ယင်းဆိုင်ခန်းများနှင့် တစ်ဆက်တည်းဆောက်ထားသော ဦးစိုင်းလှိုင်ဝမ်းတို့ မိသားစုများနေထိုင်သည့် အာရ်စီ သုံးထပ် ယာဘက်ခြမ်း မီးလောင်ကျွမ်းခဲ့ပြီး စေတနာဖုန်းအရောင်းဆိုင်ရှေ့၌ ရပ်ထားသော Crowm ယာဉ် နှင့် Misubushi ယာဉ်တို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**နှစ်ဦးသေဆုံး**

အဆိုပါ မီးလောင်မှုကြောင့် စိုင်းစံမြင့်နှင့် တောင်ပေါ်သူဖုန်းနှင့် ဖုန်းအပိုပစ္စည်းရောင်းဝယ်ရေး ဆိုင်မှ မခင်နှင်းဖြူတို့ သေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မိဘပြည်သူများက မီးသတ်ယာဉ်ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဗန်ရိုးထန်(ပြန်/ဆက်)



# ဘားအံ၊ မဘိမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၇**

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် မွန်းလွဲပိုင်းက ဘားအံမြို့နယ် ဘားအံ-အိန္ဒူကားလမ်းနှင့် နောင်လုံ-တော်ပုံကားလမ်း လမ်းဆုံတွင် စောဇော်မြင့်လေး (ခ) မက်ရှင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၄၀၁ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု နှိုင်းကြာကျေးရွာ နှိုင်းကြာဒုံးစင်ကွင်းအနီး စားသောက်ဆိုင်ရှေ့တွင် ဆိုင်ကယ်နှင့်အတူ တွေ့ရှိသူ အောင်စိုးမိုး (ခ)စိုးမိုးနှင့် ဝင်းစိန်တို့အား ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း၊ ဘားအံမြို့ အမှတ် (၆) ရပ်ကွက်ရှိ ခင်မောင်တင့် (ခ)အတင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၆၁၅၆ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၆ ရက် ညနေ ၃ နာရီခွဲတွင် မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မိုးလုံးကျေးရွာအုပ်စု ဆင်အိုင်ချောင်းဘေးရှိ တဲကို ဝင်ရောက်ရှာဖွေရာ ငွါးတားအား တွေ့ရှိရပြီး ဘိန်းဖြူ ၇၁၁ ဂရမ်နှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ရမ်းဘိုကျေးရွာအုပ်စု ပေါ်ကြာသွား လမ်းဘေးချုံပုတ်ထဲတွင် ၎င်းဝှက်ထားသည့် ဘိန်းဖြူ ၇၂ ဂရမ်တို့ကိုလည်းကောင်း၊ အလားတူ ဘန်းယဉ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ခိုလေကျေးရွာ ဘုန်းတော်ကြီးကျောင်းရှေ့တွင် စိုင်းကံ မောင်းနှင်ပြီး စိုင်းလှိုင်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၁၅၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား





ငွါးတား၊ စိုင်းကံ၊ စိုင်းလှိုင်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တောင်ကြီး၌ အမြန်ယာဉ်မှန်အား ပုလင်းဖြင့်ပစ်ပေါက်သူ သုံးဦးကို အမှုဖွင့်အရေးယူ

**တောင်ကြီး မေ ၇**

တောင်ကြီးမြို့နယ် ရွှေညောင်မြို့ တောင်လေးလုံးကျေးရွာ စိုက်ပျိုးရေးခြံရှေ့အရောက်တွင် တောင်ကြီး- မန္တလေးသို့ မောင်းနှင်လာသော Express ယာဉ်၏ မှန်အား ပျက်စီးအောင် ခေါင်ရည်ပုလင်းဖြင့် ပစ်ပေါက်ခဲ့သူ လူငယ်သုံးဦးအား မေ ၁ ရက်က ရွှေညောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက်တွင် 3M/---- Express ယာဉ်ဖြင့် တောင်ကြီးမှ မန္တလေးသို့ အေးသာယာကားကြီးကွင်းမှ ည ၇ နာရီခွဲခန့်တွင် စတင်ထွက်ခဲ့ရာ ည ၈ နာရီခွဲ ဝန်းကျင်ခန့်က ရွှေညောင်မြို့ တောင်လေးလုံးကျေးရွာ စိုက်ပျိုးရေးခြံရှေ့အရောက်တွင် မျက်နှာချင်းဆိုင် ဟဲဟိုးမှ တောင်ကြီးသို့ ဆိုင်ကယ်စီးနင်းလာသော လူငယ်သုံးဦးက ယာဉ်အား ခေါင်ရည်ပုလင်းဖြင့်ပစ်လိုက်ရာ ကား၏ရှေ့လေကာမှန်အား ထိပြီး ကွဲရှပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁၂)ရပ်ကွက် စက်မှုဇုန် အေးသာယာမြို့ မိုးကောင်း(စုံစမ်းဆဲ) အေးသာယာမြို့နေသူနှင့် ဖိုးစိုး (၁၀)ရပ်ကွက် အေးသာယာမြို့နေသူတို့ သုံးဦးအား ရွှေညောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သိန်းဦး၊ နိုင်လင်း (လှည်းကူး)



ရန်ကုန်မြို့ ဒဂုံမြို့နယ်ဘုရားကြီးရပ်ကွက် အရှေ့ဈေးလမ်း ဓမ္မာရုံ၌ မေ ၄ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးယာယီ ရဲမှူးမိုးကျော်ကျော် ရပ်ကွက်အတွင်းနေ ပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။ ကိုရဲ

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် တရားမဝင်သစ် ထုတ်လုပ်နေမှုများအား ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မေ ၁ ရက်မှ မေ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဧရာဝတီမြစ်နှင့် ရွှေလီမြစ်ဝအဆုံ ရွှေလီမြစ်အတွင်းတွင် တရားမဝင် ကျွန်းသစ် ၈ ဒသမ ၀၁၅ တန်ကိုလည်းကောင်း၊ ကလေးဝမြို့နယ် မြစ်သာတံတားလမ်းဆုံ စုပေါင်းစစ်ဆေးရေးဂိတ်၌ ဆ/---- ခေါင်းရှည်ခြောက်ဘီးယာဉ်နှင့် မော်တော်ယာဉ် ဘ/---- ခေါင်းတို ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် အင်ခွဲသား ၁၇ ဒသမ ၄၁၁၈ တန်ကိုလည်းကောင်း၊ တန်ဆည်မြို့နယ် ရေဦး-ကလေးဝ ကားလမ်း မိုင်တိုင်အမှတ် (၁၇/၄) အနီးတွင် ၅ ဌ/--- ထော်လာဂျီ စိမ်းပြာရောင် ခြောက်ဘီးယာဉ်နှင့် မိုင်တိုင်အမှတ် (၂၆/၀)အနီးတွင် နောက်တွဲပါထွန်စက် နှစ်စီးနှင့် တာယာဘီးတပ်လှည်း တစ်စီးတို့ပေါ်မှ တရားမဝင်သစ် ၁၅ ဒသ ၃၅၈၈ တန်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-ရိဒ်ကားလမ်းပေါ်ရှိ ဟိုင်မွာလ်ရွာသစ်အနီးတွင် 5N/----Sino ကုန်တင်ယာဉ်ပေါ်မှ တရားမဝင် ကျွန်းခားရွှေတုံး ဆိုဒ်စုံ ၂ ဒသမ ၇၀၂၉ တန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးကို လည်းကောင်း၊ တီးတိန်မြို့နယ် ရန်မျိုးအောင်ရွာ အနောက်တောင်ဘက်နှင့် အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် တရားမဝင်သစ် ၁၈ ဒသမ ၈၀၂၂ တန်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖော်ထုတ်ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ကိုမျိုး



# ပန်းတောင်းမြို့ပေါ်၌ အမျိုးသမီးဖဲလောင်းကစားဝိုင်းအား ဖမ်းဆီး

**ပန်းတောင်း မေ ၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ မင်းရပ် ရပ်ကွက် သိပ္ပံလမ်း နေအိမ်တစ်လုံးတွင် ဖဲလောင်းကစားနေသည့် အမျိုးသမီးများအား ဧပြီလ နောက်ဆုံးပတ်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပန်းတောင်းမြို့မင်းရပ်ရပ်ကွက် သိပ္ပံလမ်း ဒေါ်ပုလဲသန္တာထွန်း နေအိမ်တွင် အမျိုးသမီးများ ဖဲလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ပန်းတောင်းမြို့မရဲစခန်းမှ ဒုရဲအုပ် မြင့်သူဟိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေဖမ်းဆီးရာ နေအိမ်အလယ်ခန်းတွင် အိမ်ရှင်ဖြစ်သူ ဒေါ်ပုလဲသန္တာထွန်းပါ ခုနစ်ဦးအား ဖဲလောင်းကစားရာတွင် အသုံးပြုသော ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၂၆၅၀၊ ပုဆိုးတစ်ထည်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အောင်မြင့် (ပန်းတောင်း)

ကြေးမုံ

မေ ၈၊ ၂၀၁၉

## ဖျာပုံမြို့ဂုဏ်ဆောင် လူရည်ချွန်နှစ်ဦးအား ဂုဏ်ပြု

**ဖျာပုံ မေ ၇**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ခရိုင်အဆင့် ဘက်စုံထူးချွန်လူရည်ချွန် ဆုရှင်နှစ်ဦးအား ကြိုဆိုဂုဏ်ပြုပွဲကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ မေ ၆ ရက်ညနေ ၃ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အင်းလေး လူရည်ချွန်စခန်းမှ ပြန်လည်ရောက်ရှိလာသည့် ဖျာပုံခရိုင် လူရည်ချွန်ဆုရ ဖျာပုံ အ-ထ-က (ခွဲ) အ-လ-က(၁)မှ နဝမတန်း လူရည်ချွန် မောင်အေးချမ်းအောင် (နှစ်ထပ်ကွမ်း လူရည်ချွန်)နှင့် နဝမတန်း လူရည်ချွန် မဖြူဖြူမြင့်တို့အား ဖျာပုံမြို့အဝင် ချောင်းတွင်းတံတားမှ စတင်၍ ဖျာပုံ မြို့နယ် ဂုဏ်ပြုဘင်ခရာတပ်ဖွဲ့နှင့်အတူ ဖျာပုံမြို့နယ် ပညာရေးမှူး ဆရာကြီး ဦးတိုးဝင်း၊ အ-ထ-က (ခွဲ) အ-လ-က (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူဝင်းနှင့် ဆရာ၊ ဆရာမများ၊ မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများက ဂုဏ်ပြုကြိုဆိုသည်။

ထို့နောက် ဖျာပုံ အ-ထ-က (ခွဲ) အ-လ-က (၁)ကျောင်းခန်းမ၌ ဂုဏ်ပြုပွဲ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ရာကော်မတီ ဦးထွန်းလှ၊ ခေတ္တခရိုင်ပညာရေးမှူး ဆရာကြီးဦးကျော်ဇင်သန့်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားကာ ခရိုင်အဆင့် နှစ်ထပ်ကွမ်း လူရည်ချွန် မောင်အေးချမ်းအောင်အား ရွှေဆွဲကြိုးတစ်ကုံးနှင့် ရွှေလက်စွပ်တစ်ကွင်း၊ လူရည်ချွန် မဖြူဖြူမြင့်အား ရွှေဆွဲကြိုးတစ်ကုံး၊ မြို့နယ်အဆင့် အဋ္ဌမတန်း လူရည်ချွန် မောင်နိုင်ဦးဝေနှင့် မထက်ရတီဝင်းတို့အား ရွှေလက်စွပ်တစ်ကွင်းစီနှင့် မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံအလှူရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



လူရည်ချွန် ဂုဏ်ပြုပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်နှင့် ဧည့်သည်တော်များ၊ မြို့မိမြို့ဖများ၊ ဆရာဆရာမများ၊ ကျောင်းအကျိုးဆောင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## ပန်းချီဆရာ စိန်လင်း ကွယ်လွန်



ဆရာဦးစိန်လင်း Smith Sein Lynn' (၁၉၄၁-၂၀၁၉) (၇၈ နှစ်) သည် ၆-၅-၂၀၁၉ ရက် တနင်္လာနေ့ နံနက် ၃ နာရီအချိန်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။

ဆရာ ဦးစိန်လင်းကို အဖ ဦးစိန်ထွန်း အမိ ဒေါ်ရှင်တို့က ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် မွေးဖွားခဲ့ပါသည်။ ဆရာသည် ရန်ကုန်တက္ကသိုလ်မှ B.A ဝိဇ္ဇာ အထူးဘွဲ့ကိုရရှိခဲ့ကာ ပန်းချီပညာကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် လုပ်ကိုင်ပြီး ဂျာမနီနိုင်ငံ University Lectureship ( Fine Arts) Academy of Arts ကို တက်ရောက် အောင်မြင်ခဲ့ပါသည်။ ဆရာသည် ပန်းချီပြပွဲပေါင်း ၁၂၀ ကျော်ကို မြန်မာနိုင်ငံ အပါအဝင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျာမနီ၊ ဆွစ်ဇာလန် စသည့် နိုင်ငံများတွင် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ဆရာသည် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး MAOC တွင် ဂုဏ်ထူးဆောင် အသင်းဝင်ဖြစ်ပြီး International Watercolor Society ၏ Senior Membership အဖြစ်လည်းကောင်း၊ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသား ပန်းချီပညာရှင်တစ်ဦးအဖြစ် နိုင်ငံတကာအဆင့် ပန်းချီအနုပညာ လုပ်ငန်းများ၊ ပန်းချီအနုပညာ စာပေရေးသားခြင်းနှင့် ပန်းချီ သင်တန်းများတွင် ပန်းချီ နည်းပြဆရာအဖြစ် နိုင်ငံ့ဂုဏ်ဆောင် စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ပါသည်။ ဆရာ၏စာပေ နောက်ဆုံးလက်ရာမှာ ပန်းချီပညာသင် တစ်ဦး၏ဘဝ တစ်စိတ်တစ်ပိုင်း ဆောင်းပါးကို အဝေးရောက် ပန်းချီခရီးသည် ကလောင်အမည်ဖြင့် မြန်မာ့ ခေတ်ဆန်းပန်းချီ ရာပြည့် အထိမ်းအမှတ် အထူးထုတ် မဂ္ဂဇင်းတွင် ဂုဏ်ပြုဖော်ပြခြင်း ခံရပါသည်။

ဆရာကွယ်လွန်ချိန်တွင် ဇနီး ဒေါ်လှလှမြင့်၊ သားသုံးဦး၊ မြေးနှစ်ဦး ကျန်ရစ်ခဲ့ပါသည်။

**Artist မိုးကျော်သန့်**

## ဥတုရာသီ တောကို မှီ၏

## ရင်ခွင်မဲ့ကလေးသူငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်း

**ပုသိမ် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း(ပုသိမ်မြို့) အစည်းအဝေးခန်းမ၌ ရင်ခွင်မဲ့ကလေးသူငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဧရာဝတီတိုင်းဒေသကြီး) တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းခြင်းအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက ကျင်းပရာ အသင်းဖြစ်မြောက်ရေးအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်နှင်းညိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းကြီး၏ ရည်ရွယ်ချက်ဖြစ်သော ရင်ခွင်မဲ့ကလေးများ ဖြစ်ခြင်းကို လျှော့ချရန်၊ ကလေးသူငယ်များ အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အခြေခံအခွင့်အရေးများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် တိုင်းဒေသကြီးအဆင့် ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဒေါက်တာသန်းသန်းအေး (ပုသိမ် )၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ စာရင်းစစ် သုံးဦး၊ဘဏ္ဍာရေးမှူး နှစ်ဦး၊ တွဲဖက်ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စုစုပေါင်း အဖွဲ့ဝင် ၂၆ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **ပုသိမ်ခရိုင် (ပြန်/ဆက်)**

## အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများသို့ လှည့်လည်စစ်ဆေး

**ကျောက်ပန်းတောင်း မေ ၇**

အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်တာဝန်ရှိသူများနှင့်အတူ မေ ၅ ရက် နံနက် ၁၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်စာသင်ဝိုင်းများကို ကွင်းဆင်းစစ်ဆေးသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



## ပွင့်လင်းရာသီကာလ မန္တလေးသဲဈေးကွက် အရောင်းအဝယ်သွက်



**မန္တလေး မေ ၇**

ဆောက်လုပ်ရေးလုပ်ငန်းသုံးဖြစ်သည့် သဲထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများ ပွင့်လင်းရာသီကာလဖြစ်သည့်အတွက် ဈေးကွက် အနေအထားကောင်းမွန်ကာ အရောင်းအဝယ်များ ပုံမှန်သွက်လျက်ရှိကြောင်း မန္တလေးမြို့ ဧရာဝတီမြစ်ကမ်းဘေးရှိ သဲထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များက ပြောကြားသည်။

“သဲဈေးကွက် အတက်အကျက ရာသီဥတုပေါ်မူတည်တယ်။ မိုးရာသီမှာ သဲဈေးတက်ပေမယ့် အရောင်းအဝယ်မကောင်းဘူး။ ဒါ့အပြင် ဧရာဝတီမြစ်ထဲက သဲကိုစုပ်ယူရတဲ့အတွက် မြစ်ရေတိုးလာရင်လည်း သဲအထွက်နှုန်း နည်းပါးတယ်။ ပွင့်လင်းရာသီမှသာ အရောင်းအဝယ်က ပုံမှန်ကောင်းမွန်ပါတယ်။ ဈေးနှုန်းတွေ အနေနဲ့ကတော့ ယခင်နှစ်တွေနဲ့ ကွာခြားမှု သိပ်မရှိပါဘူး” ဟု သဲထုတ်လုပ်ရေး လုပ်ငန်းရှင်များအတွင်းရေးမှူး ဦးတင်ဦးက ပြောသည်။

ဧရာဝတီမြစ်ကမ်းဘေးရှိ သဲထုတ်လုပ်သူများထံမှ သဲများကို ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ပွဲစားများနှင့် အုတ်၊ ထုံး၊ သဲ၊ ကျောက်ရောင်းဝယ်ရေး လုပ်ကိုင်သူများမှ တစ်ကျင်းလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် တိုက်ရိုက်လာရောက်ဝယ်ယူကြပြီး ၎င်းတို့မှတစ်ဆင့် ပြန်လည်ရောင်းချသည့် ဈေးနှုန်းမှာ လုပ်သားစရိတ်နှင့် ပို့ဆောင်ခ အနီးအဝေးပေါ်မူတည်၍ တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀ မှ ကျပ် ၁၂၀၀၀ နှုန်းအထိ ပေါက်ဈေးရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါသဲထုတ်လုပ်ရာတွင် ဧရာဝတီမြစ်အတွင်းမှ သဲကို မော်တော်ဖြင့် လုပ်သားအင်အားကိုအသုံးပြု၍ စုပ်ယူရသည့်အတွက် မော်တော်တစ်စီးလျှင် လုပ်သားလေးဦးမှ ခြောက်ဦးအထိ ငှားရမ်းအသုံးပြုရပြီး ၎င်းတို့၏ နေ့စားလုပ်အားခမှာ တစ်နေ့လျှင် ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၁၅၀၀၀ အထိရရှိကြောင်း သိရသည်။ **အောင်ဖြိုးကျော်**

# တစ်ပတ်အတွင်းအားကစားသတင်းများ



## ချန်ပီယံလိဂ်ဝင်ခွင့်ဆုံးရှုံးခဲ့တဲ့ မန်ယူကို ပြန်လည်တည်ဆောက်မယ့်ဆိုးရှား

မန်ယူအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၇ အပြီးမှာ ရမှတ် ၆၆ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့် ၇ မှာရပ်တည်ခဲ့ကာ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရမယ့်အခွင့်အရေးဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်နှစ်တွေမှာ မန်ယူအသင်းချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အသင်းကို အသစ်ပြန်လည်တည်ဆောက်မယ်လို့ နည်းပြဆိုးရှားက ဆိုလာပါတယ်။ လက်ရှိမှာ တိုက်စစ်ပိုင်းကို အားဖြည့်ဖို့ ဂျူဗင်တပ်အသင်းက အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာကို ခေါ်ယူဖို့ နည်းပြဆိုးရှားက ပြင်ဆင်နေတာဖြစ်ပါတယ်။ မန်ယူအသင်းက ဒိုင်ဘာလာကို ခေါ်ယူဖို့စိတ်ဝင်စားနေစဉ်မှာပဲ တိုက်စစ်မှူး ဒိုင်ဘာလာဟာ အင်္ဂလန်ကို အပန်းဖြေရောက်ရှိနေတာဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ဒိုင်ဘာလာကို ခေါ်ယူမယ်ဆိုရင် ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းအထိ ပေးခေါ်ရဖို့လည်းရှိနေပါတယ်။ လက်ရှိမှာ မန်ယူအသင်းက ဒိုင်ဘာလာကို ခေါ်ယူဖို့ အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းနဲ့ ချိတ်ဆက်မှုတွေပြုလုပ်နေပြီလို့လည်း သိရပါတယ်။ ဂျူဗင်တပ်အသင်းကလည်း ဒိုင်ဘာလာကို ရောင်းချဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ အဲဒီလိုဖြစ်ရတာကလည်း ပြီးခဲ့တဲ့နွေရာသီ အပြောင်းအရွှေ့ကာလက ဂျူဗင်တပ်အသင်းကို တိုက်စစ်မှူး စီရိုနယ်လ်ဒိုရောက်ရှိလာတဲ့အချိန်ကစလို့ ဒိုင်ဘာလာရဲ့ခြေစွမ်းပိုင်းလည်း ကျဆင်းခဲ့ရတာကြောင့်လို့ဆိုပါတယ်။ ဒိုင်ဘာလာရဲ့ခြေစွမ်းကျဆင်းမှုကို ကြည့်မယ်ဆိုရင် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက ၄၆ ပွဲမှာ ၂၃ ဂိုး၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက ၄၈ ပွဲမှာ ၁၉ ဂိုး၊ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ၄၆ ပွဲမှာ ၂၆ ဂိုးနဲ့ အခု ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမှာတော့ ၃၉ ပွဲမှာ ၁၀ ဂိုးအသီးသီးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ဒိုင်ဘာလာကို ခေါ်ယူမယ်ဆိုရင် လူကာကူနဲ့ ဆန်းချက်ဇ်တို့ကို ခေါ်ယူသလိုဖြစ်လာမလားဆိုတဲ့ ဝေဖန်မှုတွေလည်းရှိနေပါတယ်။

၂၀၁၇ ခုနှစ်က လူကာကူကို အဲဗာတန်အသင်းကနေ ပေါင် ၇၅ သန်းနဲ့ ခေါ်ယူခဲ့ပေမယ့် နည်းပြဆိုးရှား ရောက်လာတဲ့အချိန်ကစလို့ လူကာကူရဲ့ခြေစွမ်းဟာ ရက်ရှ်ဖို့ဒ်ရဲ့ နောက်မှာပဲ ရှိနေခဲ့တာပါ။ ဇန်နဝါရီလ အစောပိုင်းကစလို့ ပရီမီယာလိဂ် နှစ်ပွဲမှာပဲ ဂိုးသွင်းယူနိုင်ခဲ့တာက လူကာကူရဲ့ခြေစွမ်းအမှန်လားလို့တောင် သုံးသပ်ကြပါတယ်။ အဲဒီလိုပဲ ၂၀၁၈ ဇန်နဝါရီလမှာ အာဆင်နယ်အသင်းက ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်ကို ပေါင် ၆ ဒသမ ၇ သန်းနဲ့ ခေါ်ယူပြီး အပိုဆုကြေးအပါအဝင် တစ်ပတ်လုပ်ခလစာပေါင် ငါးသိန်းအထိပေးနေရပေမယ့် တကယ့်လက်တွေ့မှာတော့ မန်ယူအသင်းအတွက် အကျိုးရလဒ်တစ်စုံတစ်ရာမှ ရလာတာမရှိသေးပါဘူး။ တွက်ဆကြည့်မယ်ဆိုရင် ဆန်းချက်ဇ် မန်ယူအသင်းကို ရောက်လာတာ သီတင်းပတ် ၆၇ ပတ်ကြာခဲ့ချိန်မှာ ဆန်းချက်ဇ်ရဲ့ ဝင်ငွေစုစုပေါင်းဟာ ပေါင် ၃၃ ဒသမ ၅ သန်းရှိနေပြီ။ ဒါပေမယ့် အဲဒီကုန်ကျစရိတ်နဲ့ ညီမျှတဲ့ ပေးဆပ်မှုမျိုးကို ဆန်းချက်ဇ်အနေနဲ့ မပေးနိုင်တာကလည်း မန်ယူအသင်းရဲ့ဆုံးရှုံးမှုတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် မန်ယူအသင်း နည်းပြဆိုးရှားရဲ့တိုက်စစ်ပိုင်း အားဖြည့်မယ့် အစီအစဉ်မှာ ပါဝင်လာဖို့ ရှိနေတဲ့ ဒိုင်ဘာလာကရော မန်ယူအသင်းကို ရောက်လာရင် ဂျူဗင်တပ်မှာ ကျဆင်းနေတဲ့ ခြေစွမ်းကို ပုံမှန်ပြန်ဖြစ်အောင် စွမ်းဆောင်နိုင်ပါ့မလား ဆိုတာလည်း ဝေဖန်မှုတွေ ထွက်ပေါ်နေတယ်။ ဒါပေမယ့် နည်းပြဆိုးရှားကတော့အသင်းကို အသစ်ပြန်တည်ဆောက်မယ့်အထဲမှာ ဒိုင်ဘာလာကို ထည့်သွင်းထားတာလည်း ဖြစ်ပါတယ်။



## ဒေးဗစ်နီရက်စ်ကို လီဗာပူးခေါ်ယူမည်

လီဗာပူးအသင်းဟာ အေဂျက်တိုက်စစ်မှူး ဒေးဗစ်နီရက်စ်ကို ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပြီး လက်ရှိအချိန်မှာ ဒေးဗစ်နီရက်စ်ကို ခေါ်ယူမယ့်အသင်းတွေထဲမှာ လီဗာပူးအသင်းနည်းပြ ကလော့လည်းပါဝင်လာတာဖြစ်ပါတယ်။

ဒေးဗစ်နီရက်စ်ကို ခေါ်ယူဖို့အတွက် ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့က စိတ်ဝင်စားနေတာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူဖို့ပစ်မှတ်ထားလျက်ရှိပါတယ်။

အေဂျက်အသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ဖလားသုံးလုံးလမ်းကြောင်းပေါ် ရှိနေတာကြောင့် အေဂျက်ကစားသမား ဒီဂျောင်ကို ဘာစီလိုနာအသင်းက ခေါ်ယူဖို့ ချိတ်ဆက်ထားသလို နောက်ထပ်ကစားသမားတစ်ဦးဖြစ်တဲ့ ဒီလစ်ကိုလည်း ထိပ်တန်းအဆင့်ရှိကလပ်အသင်းအတော်များများက ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

လက်ရှိမှာတော့ ဒေးဗစ်နီရက်စ်ကို ခေါ်ယူမယ့်အသင်းတွေက ပိုမိုများပြားနေပြီး လီဗာပူးအသင်းကတော့ ဒေးဗစ်နီရက်စ်ကို ခေါ်ယူဖို့ ပေါင် ၃၅ သန်းသုံးစွဲသွားမယ်လို့ဆိုပါတယ်။

နိုင်လင်းကြည်

## အီတီဟက်ဒ်မှာ ဂိုး ၁၀၀ မြောက်သွင်းဂိုးရရှိခဲ့ခြင်းနဲ့အတူ ပရီမီယာလိဂ်ဖလားရဖို့ ပိုမိုနီးစပ်လာတဲ့ မန်စီးတီး

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၇ အဖြစ် လက်စတာစီးတီးအသင်းကို အိမ်ကွင်းအီတီဟက်ဒ်မှာ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ဟာ ကိုယ်စီအနိုင်ရရှိရေး အကြိတ်အနယ်ကစားခဲ့ကြရာမှာ ပထမပိုင်းမှာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ မန်စီးတီးအသင်းက ကစားပုံပိုမိုကောင်းမွန်လာပြီး ပွဲကစားချိန်မိနစ် ၇၀ မှာ အသင်းခေါင်းဆောင် ကွန်ပနီက မန်စီးတီးအသင်းအတွက် အဖိုးတန်တဲ့ရွှေဂိုးကို သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ထူးခြားနေတာက အဲဒီသွင်းဂိုးဟာ မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီအနေနဲ့ အခုနှစ်ဘောလုံးရာသီ တစ်ရာသီလုံးမှာ မန်စီးတီးအသင်းအတွက် ပထမဆုံးသွင်းဂိုးလည်းဖြစ်နေပါတယ်။ မန်စီးတီးအသင်းဟာ အဲဒီသွင်းဂိုးတစ်ဂိုးနဲ့ပဲ လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး အမှတ်ပေးဇယားထိပ်ကို ပြန်လည်ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ကွန်ပနီဟာ မန်စီးတီးအသင်းမှာ ကစားခဲ့တာ ၁၁ နှစ်ကြာခဲ့ပြီဖြစ်ပြီး ပင်နယ်တီဧရိယာအပြင်ဘက်ကနေ ဂိုးသွင်းယူခဲ့တဲ့ ကွန်ပနီရဲ့ ပထမဆုံးသွင်းဂိုးလည်းဖြစ်ပါတယ်။ လက်ရှိမှာ မန်စီးတီးအသင်းဟာ အမှတ်ပေးဇယားထိပ်မှာ ရမှတ် ၉၅ မှတ်နဲ့ ဒုတိယနေရာက လီဗာပူးအသင်းကို တစ်မှတ်အသာနဲ့ ဦးဆောင်နိုင်ခဲ့တာပါ။ လီဗာပူးအသင်းကတော့ ရမှတ် ၉၄ မှတ်ရရှိထားတာဖြစ်ပါတယ်။ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပွဲစဉ် တစ်ပွဲစီကစားဖို့ ကျန်နေသေးတာဖြစ်ပါတယ်။

အခုနှစ်ဘောလုံးရာသီမှာ ကွန်ပနီရဲ့မန်စီးတီးအသင်းအတွက် ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးဟာ ပရီမီယာလိဂ်ဖလားရဖို့ လမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိလာစေခဲ့တဲ့အပြင် မန်စီးတီးအသင်းအတွက် အခုနှစ်ဘောလုံးရာသီပြိုင်ပွဲအရပ်ရပ်အိမ်ကွင်းအီတီဟက်ဒ်မှာ သွင်းဂိုး ၁၀၀ ပြည့်မြောက်တဲ့သွင်းဂိုးလည်းဖြစ်လာခဲ့ပါတယ်။ မန်စီးတီးအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းအီတီဟက်ဒ်မှာ ၂၉ ပွဲကစားခဲ့ရပြီး အဲဒီ ၂၉ ပွဲကနေ သွင်းဂိုး ၁၀၀ ပြည့်ခဲ့တာလည်းဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ လက်ကျန် တစ်ပွဲမှာ ဘရိုက်တန်အသင်းရဲ့ အိမ်ကွင်းမှာ ဧည့်သည်အဖြစ် သွားရောက်ကစားရမှာဖြစ်သလို မန်စီးတီးအသင်းရဲ့ ဖလားလုဖက် လီဗာပူးအသင်းကတော့ ဝုလ်ဗက်အသင်းကို အိမ်ကွင်းအန်ဖီးလ်မှာ လက်ခံကစားရမှာ ဖြစ်ပါတယ်။ အသင်းခေါင်းဆောင်ကွန်ပနီဟာ မန်စီးတီးအသင်းအတွက် အရေးပါတဲ့ပွဲစဉ်တွေမှာ အရေးပါတဲ့သွင်းဂိုးတွေ သွင်းယူပေးလေ့ရှိတဲ့ ကစားသမားဆိုရင်လည်း မှားမယ်မဟုတ်ပါဘူး။ ဘာလို့လဲဆိုရင် ၂၀၁၂ ခုနှစ်က မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားရရှိခဲ့စဉ်ကလည်း မန်ယူအသင်းနဲ့တွေ့တဲ့အချိန်မှာ ကွန်ပနီရဲ့ ခေါင်းတိုက်သွင်းဂိုးနဲ့ အနိုင်ရရှိပြီး ပရီမီယာလိဂ်ကို အီတီဟက်ဒ်အရောက်သယ်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ကွန်ပနီဟာ လက်ရှိမှာ အသက် ၃၃ နှစ် ရှိပြီဖြစ်ပြီး သူ့ရဲ့အီတီဟက်ဒ်နဲ့ စာချုပ်သက်တမ်းကလည်း အခုနှစ်ဘောလုံးရာသီအကုန်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ ဒါပေမယ့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာကတော့ ကွန်ပနီကို အသင်းမှာ ဆက်ရှိရေးစီစဉ်နေတယ်လို့ ဆိုပါတယ်။ ကွန်ပနီဟာ ၂၀၀၈ ခုနှစ်မှာ မန်စီးတီးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး အသင်းအတွက် သွင်းဂိုး ၂၀ အထိသွင်းယူပေးထားနိုင်ခဲ့တဲ့ နောက်တန်းကစားသမား တစ်ဦးလည်းဖြစ်ပါတယ်။ ကွန်ပနီအနေနဲ့ မန်စီးတီးအသင်းမှာ ကစားခဲ့တဲ့ ၁၁ နှစ်အတွင်းမှာ ၃၅၈ ပွဲအထိ ပါဝင်ကစားပေးထားကာ ၂၀၁၁-၂၀၁၂၊ ၂၀၁၃-၂၀၁၄၊ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွေမှာ ပရီမီယာလိဂ်ဖလား၊ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီမှာ အက်ဖ်အေဖလားနဲ့ ၂၀၁၃-၂၀၁၄၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွေမှာ လိဂ်ဖလားကို ရယူပေးနိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ အခုနှစ်ဘောလုံးရာသီမှာသာ ပရီမီယာလိဂ်ဖလားရရှိခဲ့မယ်ဆိုရင် နှစ်နှစ်ဆက်တိုက်ချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်ကို ရေးထိုးနိုင်တော့မှာဖြစ်ပြီး ၂၀၀၇-၂၀၀၈ ဘောလုံးရာသီနဲ့ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတို့မှာ နှစ်နှစ်ဆက်တိုက်ပရီမီယာလိဂ်ဖလားရယူနိုင်ခဲ့တဲ့ မန်ယူအသင်းပြီးရင် နှစ်နှစ်ဆက်တိုက် ပရီမီယာလိဂ်ချန်ပီယံဖြစ်တဲ့အသင်းဖြစ်လာတော့မှာဖြစ်ပါတယ်။ မန်စီးတီးအသင်းနဲ့ အကြိတ်အနယ်ကစားပြီး ရှုံးနိမ့်ခဲ့တဲ့ လက်စတာစီးတီးအသင်းကတော့ အခုပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ရတာကြောင့် အမှတ်ပေးဇယားအဆင့် ၇ ဝင်ပြီး လာမယ့်ဘောလုံးရာသီ ယူရိုပါလိဂ်ဝင်ခွင့်ရဖို့မျှော်လင့်ထားတဲ့မျှော်လင့်ချက် ပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အခုကစားတဲ့ပွဲမှာ ရှုံးနိမ့်ခဲ့တဲ့လက်စတာစီးတီးအသင်းအတွက်တော့ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်အဝေးကွင်းခုနစ်ပွဲမှာ တစ်ပွဲပဲ အနိုင်ရရှိခဲ့တဲ့မှတ်တမ်းဆိုးကို ဖြစ်စေခဲ့တာပါ။ မန်စီးတီးအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ပရီမီယာလိဂ် ၁၃ ပွဲမှာ ပွဲတိုင်းအနိုင်ရရှိခဲ့တဲ့အသင်းအဖြစ် ကမ္ပည်းထိုးနိုင်ခဲ့တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားရယူနိုင်ဖို့အတွက်ဆိုရင်တော့ နောက်ဆုံးကစားရမယ့်ပရီမီယာလိဂ် လက်ကျန်တစ်ပွဲကို စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

# လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပြိုကျမှုဖြစ်ပွား



**ဟင်္သာတ**

ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် မေ ၆ ရက် ညနေပိုင်းက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စုခြောက်စုနှင့် ကျေးရွာခွဲ ၁၀ ရွာတို့တွင် လူနေအိမ်များ ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။**(အပေါ်ပုံ)**

နေအိမ် ၁၆ လုံးပြိုကျမှုဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၅၉ လုံးတို့ပျက်စီးခဲ့ကာ အိမ်ထောင်စု ၇၅ စုတွင် လူဦးရေစုစုပေါင်း ၂၇၉ ဦး ဘေးဒုက္ခရောက်ခဲ့ကြသည်။

၎င်းတို့အား နီးစပ်ရာဆွေမျိုးအိမ်များတွင် ယာယီနေထိုင်နိုင်ရေးနှင့် အမြန်ဆုံးကူညီထောက်ပံ့နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**အင်္ဂပူ**

အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုတွင် မေ ၆ ရက် ညနေ ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် နေအိမ် ၂၀၄ လုံး၊ အိမ်ထောင်စု ၂၀၄ စုနှင့် စာသင်ကျောင်းတစ်ကျောင်း ဝန်ထမ်းအိမ်ရာတစ်ခု အမိုးလန်ပျက်စီးကာ စုစုပေါင်း ၂၀၆ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

**မန်းကျော် (ပြန်/ဆက်)**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် မေ ၆ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခြောက်လုံးပြိုလဲ၍ နေအိမ် ၃၀ အမိုးလန်ပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် သာရဝေါကျေးရွာတွင် နေအိမ်သုံးလုံး၊ ကျုံလဟာကျေးရွာတွင် နေအိမ် ၂၇ လုံး အမိုးလန်ပျက်စီး၍ နေအိမ်ခြောက်လုံးပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက ကူညီဆောင်ရွက်ပေးပြီး နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် ယာယီနေထိုင်ရန် စီစဉ်ပေးထားကြောင်းသိရသည်။ **ဝင့်နန္ဒာဌေး(ပြန်/ဆက်)**

**ကြို့ပင်ကောက်**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် မေ ၅ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အိမ်တစ်လုံးပြိုလဲပြီး အိမ် ၆၆ လုံး အမိုးလန်မှု ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကြို့ပင်ကောက်မြို့နယ် ဘီးကွဲကျေးရွာတွင် နေအိမ် ၁၂ လုံး၊ ကဝေကုန်းကျေးရွာတွင် နေအိမ်နှစ်လုံး၊ အလယ်စိန်ကြီးရိုး ကျေးရွာတွင် နေအိမ်နှစ်လုံး၊ ငှက်ကြီးသိုက်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ပန်းတိမ်ဝင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ စီကောက်ပင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ညောင်ညင်ပင်ကျေးရွာတွင် နေအိမ်နှစ်လုံး၊ ကိုင်းယားရှည်ကျေးရွာတွင် နေအိမ် ၁၀ လုံး၊ တင်ဆိတ်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် နေအိမ် ၁၃ လုံး၊ သရက်ကိုင်းကျိုးကျေးရွာတွင် နေအိမ် ၁၁ လုံး၊ အညာတန်းကျေးရွာတွင် နေအိမ်ကိုးလုံး၊ ကျောက်စရစ်ကုန်းကျေးရွာတွင် နေအိမ်တစ်လုံးတို့ အမိုးလန်မှုဖြစ်ပွားခဲ့ရာ စုစုပေါင်း အမိုးလန်နေအိမ် ၆၅ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ကံကြီးကျေးရွာတွင် ပြိုလဲနေအိမ်တစ်လုံးတို့ ပျက်စီးခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

**ဇလွန်**

ဇလွန်မြို့နယ် တောင်ပို့တစ်ရာ၊ ဖားလက်ခို၊ ကူးတို့ဆိပ်နှင့် နန်းတော်ကျွန်းကျေးရွာအုပ်စုတို့တွင် မေ ၆ ရက် ညနေ ၆ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်လေးလုံးအမိုးလန်၍ ငါးလုံးပြိုလဲပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝေယံ-ဇလွန်(ပြန်/ဆက်)**



## အနုပညာ



လေဒီဂါဂါ



ကတ်တီပါရီ



ကာဒီဘီ

# ရောင်စုံအလှများကြားက 2019 Met Gala

ယခုနှစ်ရဲ့ " Met Gala " အခမ်းအနားကိုတော့ ပြီးခဲ့တဲ့ တနင်္လာနေ့က ကျင်းပခဲ့ရာမှာ ဟောလိဝုဒ်ကြယ်ပွင့်တွေ အစုံအလင်တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။ နာမည်ကျော်တွေ စုံလင်တဲ့ပွဲတစ်ပွဲဖြစ်သလို ဖက်ရှင်ကျတဲ့ ပြင်ဆင်မှုတွေနဲ့ တက်ရောက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အချို့သော ကြယ်ပွင့်တွေကတော့ ဒီအခမ်းအနားမှာ အတော်လေးကိုထူးခြားတဲ့ဝတ်စုံတွေ ဝတ်ဆင်တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဆိုပါကြယ်ပွင့်တွေထဲမှာ တေးသံရှင်တွေဖြစ်ကြတဲ့ လေဒီဂါဂါ၊ ကတ်တီပါရီနဲ့ ကာဒီဘီတို့ရဲ့ ဝတ်စုံတွေဟာ အထူးခြားဆုံးဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့အပြင် ဖက်ရှင်ကျလွန်းတဲ့ ကြယ်ပွင့်တစ်ဦးလည်းဖြစ်တဲ့ လေဒီဂါဂါဟာ ယခုနှစ်ရဲ့ အခမ်းအနားကိုတော့ ပန်းရောင်တောက်တောက် ဂါဝန်ရှည်ကြီးနဲ့ တက်ရောက်လာတာ တွေ့ရပါတယ်။ ဆွဲဆောင်မှုရှိတဲ့အရောင်ကြောင့် အများရဲ့အာရုံကို ဖမ်းစားနိုင်ခဲ့ပြီး ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်မှာ လေဒီဂါဂါက နောက်ထပ်အံ့အားသင့်ဖွယ်တွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒါကတော့ သူ့ရဲ့ဂါဝန်ရှည်ကြီးအောက်မှာ အခြားသောဝတ်စုံသုံးစုံ ရှိနေသေးတာဖြစ်ပါတယ်။ လေဒီဂါဂါကို ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်မှာပင် ဝတ်စုံလေးစုံနဲ့ တွေ့မြင်ခဲ့ရတာ ဖြစ်ပါတယ်။

နောက်ထပ်ထူးခြားတဲ့ ဝတ်စုံကတော့ ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီရဲ့ ဝတ်စုံဖြစ်ပါတယ်။ အမြဲလိုလို တီထွင်ဆန်းသစ်ဝတ်ဆင်တတ်တဲ့ ကတ်တီပါရီဟာ ယခုနှစ်ရဲ့ အခမ်းအနားကို တက်ရောက်ခဲ့ရာမှာတော့ မီးထွန်းထားတဲ့ ဖယောင်းတိုင် အလှဲသုံးလှဲ ပါဝင်တဲ့ ဝတ်စုံကိုဝတ်ဆင်ခဲ့ပါတယ်။ ကတ်တီပါရီဟာ သက်ရှိဖယောင်းတိုင်လေး တစ်ခုသဖွယ် အသက်ဝင်နေတာကိုလည်း တွေ့ရပါတယ်။

အမျိုးသမီး ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ ကာဒီဘီရဲ့ဝတ်စုံဟာလည်း အတော်လေးထူးခြားပါတယ်။ သူ့ရဲ့ဝတ်စုံမှာတော့ ငှက်မွေးပေါင်း ၃၀၀၀၀ ခန့်ပါဝင်ပြီး လူ ၃၅ ဦးခန့်က အချိန် နာရီ ၂၀၀၀ ခန့် ကုန်ဆုံးကာ သူ့ရဲ့ဝတ်စုံကို ဖန်တီးခဲ့ရတာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ကာဒီဘီရဲ့ဝတ်စုံကတော့ လေးလံလွန်းပြီး အခမ်းအနားတက်ရောက်လာတဲ့ ပုံရိပ်တွေကို ရိုက်ကူးထားတဲ့ ဗီဒီယိုမှာတော့ သူ့ရဲ့ဝတ်စုံကို အမျိုးသား ငါးဦးက မကာနေရာရွှေ့ပေးနေရတာကိုလည်း တွေ့ရပါတယ်။

ဒီအခမ်းအနားကိုတော့ ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ကေတီဟုမ်းစ်နဲ့ မင်းသားဂျေမီဖောက်ဇ်တို့လည်း စုံတွဲလိုက် ကော်ဇောနီပေါ် ပါဝင်လျှောက်လှမ်းခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် မင်းသမီး ပရီယင်ကာချိုပရာနဲ့ ခင်ပွန်းဖြစ်သူ နစ်ခ်ဂျိုးနက်စ်တို့လည်း တက်ရောက်ခဲ့ပြီး မကြာသေးမီကမှ မင်္ဂလာပွဲ ဆင်နွှဲခဲ့ကြတဲ့ မင်းသမီး ဆိုဖီယာတာနာနဲ့ ဂျိုးဂျိုးနက်စ်တို့လည်း မောင်နှံအဖြစ် ပထမဆုံးအကြိမ် အခမ်းအနားတက်ရောက်ခဲ့ကြကြောင်း မေးလ်အွန်လိုင်းဒေါ့ကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

## လီမင်ဟိုရဲ့ဇာတ်လမ်းတွဲသစ်ကို လာမယ့် နှစ်အတွင်း ပြသမည်

မကြာသေးမီကမှ စစ်မှုထမ်းဆောင်မှု ပြီးဆုံးခဲ့တဲ့ မင်းသား လီမင်ဟိုရဲ့စစ်မှုထမ်းဆောင်ပြီးနောက် ပထမဆုံး ရိုက်ကူးသွားမယ့် ရုပ်ရှင်အကြောင်း လတ်တလောမှာတော့ သတင်းတွေ ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ မင်းသားဟာ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ပြီး အဆိုပါ ဇာတ်လမ်းတွဲကိုတော့ ၂၀၂၀ ပြည့်နှစ်အတွင်းမှ စတင်ပြသသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၇ ရက်မှာတော့ ရုပ်ရှင်ကုမ္ပဏီတစ်ခုက လီမင်ဟိုရဲ့ ရုပ်ရှင်သစ်အကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ မင်းသားဟာ " The King: The Eternal Monarch " လို့ အမည်ပေးထားတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာဖြစ်ပြီး ဒီဇာတ်လမ်းတွဲသစ်ရဲ့ ဇာတ်ညွှန်းရေးဆရာ ကမ်အီဆွတ်ဟာ ၂၀၁၃ ခုနှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့ပြီး လီမင်ဟိုရဲ့ အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ " The Heirs " ကို ရေးသားခဲ့သူလည်း ဖြစ်တယ်လို့ သိရပါတယ်။

" The King: The Eternal Monarch" ဟာ ခေတ်နှစ်ခုကို အပြိုင်ပုံဖော်ထားတဲ့ ရုပ်ရှင်ဖြစ်တယ်လို့လည်း သိရပါတယ်။ နန်းတွင်းခေတ်နဲ့ ယခုခေတ်ကို အပြိုင်ထည့်သွင်းပုံဖော်ထားပြီး လီမင်ဟိုကိုတော့ ဘုရင်တစ်ပါးအဖြစ်သာမက စုံထောက်တစ်ဦးအဖြစ်လည်း တွေ့မြင်ရမှာ ဖြစ်တယ်လို့သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

